# ကောင်းသန့်

## လူငယ်အမေး
## ကောင်းသန့်အဖြေ

- ဘဝမှာ ဘာအရေးကြီးဆုံးလဲ။
- စိတ်ဓာတ်ကျစရာ တွေ့ကြုံလာတဲ့အခါ ဘယ်လိုစိတ်အားတင်းရမလဲ။
- အချစ်ဆိုတာ ဘာလဲ။
- ဝမ်းနည်းမှု ပူဆွေးလွမ်းဆွတ်မှုတွေ ခံစားရတဲ့အခါ ဘယ်အရာနဲ့ ကုစားသင့်ပါသလဲ။
- အောင်မြင်မှုဟာ ဘဝရဲ့ တကယ်အရေးပါတဲ့ အရာလား။
- အတွေးအခေါ်မြင့်မားဖို့ ဘာတွေလုပ်ရမလဲ။
- လူတစ်ယောက်ရဲ့ဘဝ အောင်မြင်ဖို့အတွက် ဘာအရေးကြီးဆုံးလဲ။
- စာဖတ်ပုံ စာဖတ်နည်း ရှိပါသလား။ ဘယ်လိုမျိုးဖတ်ရမလဲ။
- အင်္ဂလိပ်စာ တော်ချင်တတ်ချင်တယ်။ ဘယ်လိုလုပ်ရမလဲ။
- ရိုးသားမှုဟာ နေရာတိုင်း အသုံးတည့်ပါသလား။

(၁)

လူငယ်တစ်ယောက်အနေနဲ့ ဘယ်လိုစာအုပ်မျိုးတွေကို ဖတ်သင့်ပါသလဲ။

လူငယ်တစ်ယောက်အနေနဲ့ အနည်းဆုံး စာအုပ်အမျိုးအစား ၄ မျိုး ဖတ်သင့်ပါတယ်။

(၁) မိမိသင်ယူလေ့လာနေတဲ့ ဘာသာရပ်နဲ့ ပတ်သက်တဲ့စာအုပ်။

(၂) ကမ္ဘာကျော်ပုဂ္ဂိုလ်များရဲ့ အတ္ထုပ္ပတ္တိစာအုပ်

(၃) မိမိကို စိတ်ခွန်အားတိုးတက် ထက်မြက်စေတဲ့ စာအုပ်။

(၄) စိတ်ကိုငြိမ်းချမ်းမှု၊ ဖြေသိမ့်မှုပေးနိုင်တဲ့ ဘာသာရေးဆိုင်ရာစာအုပ်။

ဂျာနယ်မဂ္ဂဇင်းတွေကိုတော့ အချိန်ရသလို အခွင့်အရေးရသလောက် ဖတ်သင့်ပါတယ်။

ဆရာ သမီးစာကျက်လိုက်တိုင်း ပျင်းတဲ့စိတ် ဝင်လာပါတယ်။ အဲ့ဒီအတွက် ပျင်းတဲ့စိတ်ကို ဖြေဖျောက်နိုင်မယ့်နည်းလေး ပြောပေးနိုင်မလား။

စာကျက်တိုင်း ပျင်းတဲ့ စိတ်ဝင်လာတာ သဘာဝ ကျပါတယ်။ ကျောင်းစာဆိုတာ ဝတ္ထုစာအုပ် လောက်စိတ်ဝင်စားစရာ မကောင်းတဲ့အတွက် ကျောင်းသားအတော်များများဟာ စာကျက်လိုက်တိုင်း အိပ်ငိုက်လာတတ်ပါတယ်။ အထူးသဖြင့်တော့ စာမေးပွဲမအောင်လည်း ဘာမှမဖြစ်ဘူး။ အောင်လည်း ဘာမှ မထူးဘူးဆိုတဲ့ မျှော်လင့်ချက်၊ ရည်ရွယ်ချက်ကင်းမဲ့နေသူတွေမှာ အဖြစ်များတတ်ပါတယ်။ သူများထက် တော်ချင်တတ်ချင် ထူးချွန်ချင်တဲ့သူတွေ။

သူများတကာထက် သာကိုသာရမယ်ဆိုတဲ့ လူတွေကတော့ ပျင်းတယ်ဆိုတာ ဘာမှန်းသိမှာ မဟုတ်ပါဘူး။ ဒီအချိန်မှာ ငါနဲ့ပြိုင်နေတဲ့သူ မောင် ဘယ်သူ၊ မဘယ်ဝါကတော့ စာအသေအလဲ ကျက်နေလောက်ပြီ။ ငါ စာမကျက်ရင်တော့ သူ့အောက် ရောက်သွားတော့မှာပဲဆိုပြီး ကြောက်လန့်စိတ်နဲ့ မျက်စိကို အတင်းဖြဲပြီး အိပ်ချင်စိတ်ကို မောင်းထုတ် ပစ်မှာပါပဲ။

တချို့ကျတော့ ဘာသာစုံဂုဏ်ထူး ထွက်မှဖြစ်မယ်။ ဒါမှအမှတ်ကောင်းပြီး ငါဖြစ်ချင်တဲ့ ဆရာ ဝန်ဖြစ်မှာ။ တချို့ကျတော့ ငါ့ရဲ့တစ်နှစ်ကျောင်းကုန်ကျစရိတ်ဟာ အနည်းဆုံး ၁၀ သိန်းလောက် ကုန်တယ်။ ငါသာ စာမေးပွဲ မအောင်ရင်တော့ အဲ့ဒီ ၁၀သိန်းကို ရေထဲ လွှင့်ပစ်လိုက်သလို ဖြစ်တော့ မယ်။

တချို့ကျတော့ ငါ့အဖေနဲ့အမေဟာ ငါ ကျောင်းတက်ဖို့ ပင်ပင်ပန်းပန်း ရှာဖွေနေကြရတယ်။ ငါစာမေးပွဲတွေ အောင်မြင်ပြီးဆုံးပြီး အလုပ်ကောင်းကောင်းရမှ ပြန်ပြုစုလုပ်ကျွေးခွင့်ရမှာ။ စာမေးပွဲ ကျလို့ မဖြစ်ဘူး။ ပျင်းနေလို့ မဖြစ်ဘူးဆိုပြီး စာထကျက်တော့တာပါပဲ။

အဲ့ဒီလိုအသိမျိုး အတွေးမျိုးတွေတွေးပြီး စာကျက်ပျင်းတဲ့စိတ်ကို ဖျောက်ပါ။ အဲ့ဒီနည်းနဲ့မရရင် တော့ စာကျက်ပုံ စာကျက်နည်းကို ပြုပြင်ပါ။ နားမလည်တာတွေကို အချိန်အကြာကြီး ထိုင်ဖတ်မနေပါ နဲ့။ ရေးကျက်ပါ။ မှတ်စုထုတ် ကျက်ပါ။ တစ်နာရီပြည့်တိုင်း ထလမ်းလျှောက်ပါ။ အညောင်းအညာဖြေ ပြီးမှ စာကြည့်စားပွဲ ပြန်ထိုင်ပါ။ ညဘက်ကို ဗိုက်တင်းအောင် ထမင်းမစားပါနဲ့။ ရေခွက်တစ်ခွက်ထဲမှာ လက်ကိုင်ပဝါ စိမ်ထားပြီး ပျင်းလာတဲ့အခါမှာ လက်ကိုင်ပဝါနဲ့ မျက်နှာသစ်ပေးပါ။ အဲ့ဒီနည်းတွေမှ မရရင်တော့ ပျင်းတဲ့အခါတိုင်း အိပ်ပစ်လိုက်ပါ။ ဟန်ဆောင် ပန်ဆောင် စာကျက်မနေပါနဲ့။ အချိန်တန် တော့ စာမေးပွဲကျပါလိမ့်မယ်။ အဲ့ဒီအခါမှာ ပူစပ်ပူလောင်ဖြစ်ပြီး နောင်တရပါလိမ့်မယ်။ ပျင်းတဲ့စိတ် လည်း တစ်ခါတည်း ပျောက်သွားကောင်း ပျောက်သွားနိုင်ပါတယ်။

မယုံရင်စမ်းကြည့်စေချင်ပါတယ်။

ဆရာရေးတဲ့ စာအုပ် ၅၀ ထဲက အကြိုက်ဆုံးစာအုပ်ကို သိချင်ပါတယ်။ အဲ့ဒီစာအုပ်မှာ ဘာအကြောင်းရေးထားပါသလဲ၊ အတိုချုပ် ပြောပြပေးစေလိုပါတယ်။

ဆရာရေးခဲ့ပြီးတဲ့ စာအုပ် ၅၀ အနက် အကြိုက်ဆုံးကတော့ အိပ်မက်အလွမ်း ဝတ္ထုရှည်စာအုပ် ပါ။ အဲ့ဒီစာအုပ်ကို ပြင်းထန်တဲ့ နှလုံးသားခံစားမှုနဲ့ ရေးခဲ့တာပါ။ အင်မတန် ချမ်းအေးလှတဲ့ ချင်းတောင် တန်းတစ်နေရာမှာ ဖယောင်းတိုင်မီး မှိတ်တုတ်မှိတ်တုတ်နဲ့ စောင်ခြုံပြီး ရေးခဲ့ရတဲ့ဝတ္ထုပါ။

(၃)နှစ် နီးပါးရေးခဲ့ရပါတယ်။ ဘဝမှာ ပထမဆုံးရေးခဲ့တဲ့ ပင်ကိုရေး လုံးချင်းဝတ္ထုရှည်ပါ။ စာအုပ်ဖြစ်ဖို့ ၁၆ နှစ်တိုင်တိုင် မလျှော့သောဇွဲနဲ့ ကြိုးပမ်းအားထုတ်ခဲ့ရပါတယ်။ ဝတ္ထုရေးတဲ့ အတတ်ပညာကို တိတိပပ နားမလည်ခင်က စိတ်ခံစားချက်နဲ့ ရေးခဲ့တဲ့စာအုပ်ပါ။ အဲ့ဒီစာအုပ်နဲ့ ၁၉၉၉ ခုနှစ် အမျိုးသားစာပေ (ဝတ္ထုရှည်)ဆု ရခဲ့တဲ့အတွက် အလွန်ဝမ်းသာခဲ့ရပါတယ်။

အဲ့ဒီစာအုပ်ရဲ့ အကြောင်းအရာ အတိုချုပ်ကတော့..ငယ်စဉ်ကတည်းက စာရေးဆရာ ဖြစ်ရမယ်လို့ ရည်မှန်းချက်ထားခဲ့တဲ့ လူငယ်တစ်ယောက်ဟာ မဆုတ်မနစ် ဇွဲကောင်းကောင်းနဲ့ ကြိုး စားခဲ့တဲ့အတွက် နောက်ဆုံးမှာ အောင်မြင်တဲ့ စာရေးဆရာတစ်ယောက် ဖြစ်သွားခဲ့တယ်ဆိုတဲ့ အကြောင်းပါပဲ။

လူငယ်တွေအတွက် အတုယူစရာကောင်းပြီး ဘဝအားမာန်ဖြစ်စေတဲ့အတွက် ဆုပေးရွေးချယ် ခဲ့တယ်လို့ မှတ်ချက်ချခံရဖူးပါတယ်။

အဲ့ဒီစာအုပ်ကို ကိုယ့်ဘာသာ ပြန်ဖတ်မိတာ (၃)ကြိမ်ကျော်ပြီ။ ပြန်ဖတ်တိုင်း ခံစားရတုန်းမို့ အကြိုက်ဆုံး စာအုပ်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

စာမေးပွဲကို ထူးထူးချွန်ချွန် အောင်မြင်အောင် ကြိုးစားမယ်။ ပြီးတော့

လိုင်းတစ်ခုကို မျှော်မှန်းထားတယ်။ အဲ့ဒီမျှော်မှန်းတဲ့အတိုင်း ဖြစ်မလာရင် သမီးဘယ်လို ရှေ့ဆက်သွားရမလဲ။

စာမေးပွဲကို ထူးထူးချွန်ချွန် အောင်မြင်အောင် ကြိုးစားရမှာက သမီးတာဝန်ပဲ။ ကြိုးစားတဲ့အတိုင်း ဖြစ်မလာခဲ့ရင်လည်း စိတ်မပျက်ပါနဲ့။ လူဆိုတာ အကောင်းဆုံးဖြစ်အောင် ကြိုးစား ပြီး အမြင့်ဆုံးရလဒ်ကို မျှော်မှန်းရမှာပဲ မဟုတ်လား။

ကံကြမ္မာက သကြားလုံးမပေးပဲ သံပုရာသီး ပေးလာခဲ့ရင် သံပုရာရည်ဖျော်သောက်လိုက်ရုံပေါ့။ သကြားများများနဲ့ ဖျော်တတ်မယ်ဆိုရင် သံပုရာရည်လည်းသောက်လို့ ချိုပါတယ်။

ဘဝဆိုတာ ကိုယ်မျှော်မှန်းသလို အမြဲတမ်းမဖြစ်နိုင်ဘူး ဆိုတာ သမီးတွေ့ကြုံဖူးမှာပါ။ လုပ် သလိုမဖြစ်ရင်၊ ဖြစ်သလို လုပ်တတ်ဖို့ အရေးကြီးပါတယ်။

ဒါဆို မျှော်မှန်းတဲ့အတိုင်း ဖြစ်မလာခဲ့ရင် သမီးဘာလုပ်သင့်တယ်ဆိုတာ သိလောက်ပြီပေါ့နော်။

သူငယ်ချင်းဆိုတာဘာလဲ။

သူငယ်ချင်းကောင်းဆိုတာ ဘာလဲ။

သူငယ်ချင်းဆိုတာ ရင်ထဲမှာ ဖြူစင်သန့်ရှင်းစွာ နေရာယူထားသူပေါ့။ သူငယ်ချင်းကောင်းဆို တာ.. ဒုက္ခ၊ သုခတွေကို ကိုယ်နဲ့အတူ အေးအတူပူအမျှ ဝေမျှခံစားပြီး အမြဲတမ်း ကျောချင်းကပ် နီးစပ် နေတဲ့သူပေါ့။ တစ်ယောက်ကိုတစ်ယောက် ရင်ဘတ်ပေးပြီးပေါင်းကြသလို ဘယ်သောအခါမှ နောက် ကျောကို ဓားနဲ့မထိုးတဲ့သူမျိုးပေါ့။ အရေးအကြောင်းရှိရင် ခေါင်းမရှောင်ဘဲ အခက်အခဲပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းပေးတတ်သူပေါ့။ ရင်ထဲက မွန်းကျပ်တဲ့ဝေဒနာတွေကို စာနာနားထောင်ပေးတတ်သူ ပေါ့။

တစ်ယောက်အတွေးတစ်ယောက်လေးစားပြီး တစ်ယောက်အရေးအတွက် အသက်ပေး ဆောင်ရွက်တတ်သူမျိုးပေ့ါ။ သူငယ်ချင်းကောင်းအယူအဆ တစ်ယောက်နဲ့တစ်ယောက် မတူမျှကြရင် လည်း လွတ်လပ်စွာ သဘောကွဲလွဲခွင့်ရှိပါကြောင်း။

ထိုင်နေရင်အကောင်းသား၊ ထသွားမှ အကျိုးမှန်းသိတဲ့။ အကျိုးမှန်းသိမှာစိုးလို့ တစ်သက်လုံး လူမမြင်အောင် ထိုင်နေရမှာလားလို့မေးရင် ဆရာ့အနေနဲ့ ဘယ်လို အဖြေပေးမလဲ။

အကျိုးမှန်းသိမှာစိုး တစ်သက်လုံး လူမမြင်အောင်

ထိုင်မနေသင့်ပါဘူး။

ခြေထောက်ကျိုးပေမယ့်

လက်နဲ့ပါးစပ် ကောင်းနေရင်

လူတွေကို အကျိုးပြုလို့ရပါသေးတယ်။

လူတစ်ယောက်ဖြစ်လာရင် လူတွေရဲ့အကျိုးစီးပွားကို

တစ်ထောင့်တစ်နေရာက ပါဝင်အကျိုးပြုသင့်ပါတယ်

အဲ့ဒီလိုအကျိုးပြုခြင်းဟာ

လူ့ဘဝရဲ့ အနှစ်သာရပဲဖြစ်ပါတယ်။

***

(၂)

အနန္တသူရိယအမတ်က ခွင့်လွှတ်နိုင်တဲ့ သူရဲကောင်းတစ်ဦး ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ခါတ လေ ခွင့်လွှတ်သည်းခံခြင်းဟာ တစ်ပါးသူအတွက် အခွင့်အရေးဖြစ်ပြီး ကိုယ့်အတွက်တော့ ကဗျာတစ်ပုဒ်နဲ့ပဲ ခံစားရင်ဖွင့်ရပါတယ်။ အဲ့ဒီလိုကဗျာလေးတွေနဲ့ ရင်ဖွင့်လိုက်ရရင် ကျေနပ်သွားတယ် ဆရာ။

အဲ့ဒီလိုမျိုးပဲ ဆက်နေသွားရကောင်းမလား။

အဲ့ဒီလိုမျိုး အမြဲနေသွားနိုင်ရင် ကောင်းပါတယ်။

နေသွားနိုင်အောင်သာ ကြိုးစားပါလို့ ...။

လူတစ်ယောက်ရဲ့ဘဝ အောင်မြင်ဖို့အတွက် ဘာအရေးကြီးဆုံးလဲ။

လူတစ်ယောက်ရဲ့ဘဝ အောင်မြင်ဖို့အတွက်

အရေးကြီးဆုံးက ပြင်းပြတဲ့ စိတ်ဆန္ဒရှိနေဖို့ပါပဲ။

ကိုယ်ဖြစ်ချင်တာ အောင်မြင်ချင်တာ

ဘာလဲဆိုတာ အသေအချာသိပြီး

ဖြစ်ချင်တဲ့စိတ်ဆန္ဒ

အမြဲမပြတ် ရင်ထဲမှာ ခေါင်းထဲမှာ ရှိနေဖို့ပါပဲ။

ဘဝဆိုတာကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်နေကြတဲ့အထဲမှာ ဆရာ့အနေနဲ့ ဘဝဆိုတာကို ဘယ်လို အဓိပ္ပာယ် ဖွင့်ချင်သလဲဆိုတာ သိချင်ပါတယ်။

ဘဝဆိုတာ စိတ်ညစ်စရာ သောကဒုက္ခတွေနဲ့

စိတ်ပျက်စရာ သုခ အနည်းငယ်ကို

အချိုးမမှျတစွာ ဖျော်စပ်ထားတဲ့

ကော်ဖီခါးခါးတစ်ခွက်ပါပဲ။

လူတစ်ယောက်ဟာ ဘယ်နှခါချစ်လို့ ရပါသလဲ။

မောင်နှမအရင်းမဟုတ်ဘဲ မောင်နှမလိုချစ်တာ ဖြစ်နိုင်ပ့ါမလား။

နှစ်ပေါင်းများစွာကြာမြင့်တဲ့

လူ့သက်တမ်းတစ်လျှောက်မှာ

လူတစ်ယောက်ဟာ လူ့သဘာဝ အတိုင်းဆိုရင်

အကြိမ်များစွာချစ်နိုင်ပါတယ်။

သံယောဇဉ်ကို မွေးဖွားပေးတဲ့

ချစ်တတ်တဲ့ နှလုံးသားဆိုတာ

အသက်သေမှပဲ ရပ်သွားတာမျိုးပါ။

မောင်နှမအရင်းမဟုတ်ဘဲ

မောင်နှမလိုချစ်တာ ဖြစ်နိုင်ပါတယ်။

ရှိတော့ရှိတယ်၊ ရှားတယ်။

အချစ်နာကျနေတဲ့ သူတစ်ယောက်အတွက် ဆေးတစ်ခွက်လောက် ပေးစေချင်ပါတယ်။

အချစ်နာကျနေတဲ့သူအတွက်

ကုရာနတ္တိဆေးမရှိလို့ ဆိုပါတယ်။

ဒါပေမဲ့ အချိန်ဆိုတဲ့သမားတော်ကြီးနဲ့ တိုင်ပင်ကြည့်ပါ။

အဆင်ပြေသွားပါလိမ့်မယ်။

ခု အတောအတွင်းတော့ ဘုရားကြာကြာ ရှိခိုးပါ။

အလုပ်များများလုပ်ပါ။

ဘာမှ လုပ်စရာမရှိရင် အိမ်သိမ်း၊

တံမြက်စည်းလှည်းပါ။

စာဖတ်ပါ။ တရားခွေနားထောင်ပါ။

သူငယ်ချင်းများနဲ့ ပျော်ပျော်ပါးပါးနေပါ။ ခရီးထွက်ပါ။

အချစ်နာရောဂါ သက်သာသွားပါလိမ့်မယ်။

ဆရာ့မိဘကို ချစ်တဲ့အချစ်နဲ့ ဆရာ့အမျိုးသမီးကို ချစ်တဲ့အချစ် ဘယ်သူ့ကို ပိုချစ်သလဲ။

မိဘကိုချစ်တဲ့အချစ်နဲ့ အမျိုးသမီးကို ချစ်တဲ့အချစ်

မတူညီပါဘူး။ တစ်မျိုးစီပါ။ နှိုင်းယှဉ်လို့မရပါဘူး။

ဘယ်သူ့ကို ပိုချစ်သလဲဆိုတဲ့ မေးခွန်းဟာ

ဖြေဖို့မလိုတဲ့ မေးခွန်းတစ်ခုလို့ ယူဆပါတယ်။

ဆရာ ဘာသာပြန်ရေးခဲ့တဲ့ “လူတစ်ကိုယ်မြေမည်မျှလို” ဝတ္ထုထဲကလို လူတွေဟာ အတ္တမရှိဘဲ ရောင့်ရဲနေကြမယ်ဆိုရင် လောကကြီးမှာ တိုးတက်မှုရှိပါ့မလား။ အတ္တမရှိဘဲ ကြိုးစားမှုရှိပါ့မလား။

လောကကြီးမတိုးတက်မှာကို စိတ်မပူပါနဲ့ မိတ်ဆွေ။

ပပ်ကြားအက်ကွဲနေတဲ့ ခယောင်းလမ်းကို

မျက်နှာပြင်ညီချောမွေ့သွားအောင်လုပ်နိုင်ဖို့ ခဲယဉ်းသလို

လူတွေကို အတ္တကင်းမဲ့သွားအောင် လုပ်ဖို့မလွယ်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့

လူတွေဟာ အတ္တနဲ့ အသက်ရှင်နေကြလို့ပါပဲ။

၁၅၀၀ နဲ့ ၅၂၈ ဆိုတဲ့ အချစ်နှစ်ခုကြားမှာ အခြားအချစ် ရှိပါသလား။ ရှိရင်ဘယ်လိုအချစ်မျိုးလဲ ဆိုတာ ဖော်ပြပေးပါ။

၁၅၀၀ နဲ့ ၅၂၈ ဆိုတဲ့ အချစ်နှစ်ခုကြားမှာ အခြားအချစ်တစ်မျိုး ရှိပါတယ်။

အူကြောင်ကြားအချစ်လို့ ခေါ်ပါတယ်။

ဥပမာ လွယ်လွယ်ပြောရရင် ဆရာရေးခဲ့တဲ့

"အိပ်မက်အလွမ်း" ဝတ္ထုထဲက

ဇာတ်ကောင် ကိုယ်ရဲ့အချစ်မျိုးပါ။

ဒီ့အပြင် နောက်ထပ် အချစ်တစ်မျိုးပါသေးတယ်။

သူငယ်ချင်းအချစ်ပါ။

အင်မတန် ဖြူစင်သန့်ရှင်းတဲ့ သူငယ်ချင်းအချစ်ကို

၁၀၂၈ အချစ်လို့ အမည်သစ် ပေးချင်ပါတယ်။

မောင်နှမအချစ် ၅၂၈ ကို သမီးရည်းစားအချစ်

၁၅၀၀ ထဲက ပြန်နုတ်ထားတဲ့ ၅၀၀ နဲ့ ပေါင်းပြီး

၁၀၂၈ လို့ ပေးလိုက်တာပါ။

၁၀၂၈ နဲ့ ချစ်တဲ့အချစ်မျိုးက ပိုပြီးခိုင်မြဲပါတယ်။

ဆရာ .. ညဆိုရင် လုံးဝ စာမဖတ်ချင်ဘူး။ ပျင်းလာတယ်။ ဗွီဒီယိုပဲ

ကြည့်ချင်တယ်။ အဲ့ဒါ ဘာကြောင့်လဲ။

ညဆိုရင် ကျောင်းစာမဖတ်ချင်ဘူး။

ဗွီဒီယိုပဲ ကြည့်ချင်တာဟာ ကျောင်းသားတွေရဲ့

သဘာဝ ပင်ကိုစိတ်ပါပဲ။

ကျောင်းစာဆိုတာ ဗွီဒီယိုလောက်မှ

စိတ်ဝင်စားဖို့ မကောင်းတာ။

ဒါပေမဲ့ စိတ်ဝင်စားဖို့ ကောင်းတဲ့ဗွီဒီယိုပဲ

ကြည့်နေမယ်ဆိုရင်တော့..

ကျောင်းစာမေးပွဲတွေ တဖုန်းဖုန်းကျပြီး

မပြုံးမပျော်နိုင် ဖြစ်သွားလိမ့်မယ်။

ပျော်တာတွေပဲ လုပ်နေရင် လူရှော် ဖြစ်သွားလိမ့်မယ်။

လုပ်သင့်လုပ်ထိုက်တာတွေလုပ်မှ လူတော်ဖြစ်လိမ့်မယ်။

လူတော်ဖြစ်ချင်တယ်ဆိုရင်တော့

စာကျက်သင့်တဲ့အချိန်မှာ စာကျက်မှပဲဖြစ်မယ်။

ပျော်စရာကောင်းတဲ့ဗွီဒီယိုပဲ ကြည့်ချင်နေတယ်

ဆိုရင်တော့ အောင်မြင်မှုနဲ့ဝေးမယ့်

ခပ်ညံ့ညံ့ လူရှော်တစ်ယောက် ဖြစ်သွားလိမ့်မယ်။

ကိုယ်ကြိုက်တာ ရွေးချယ်ပါ။

ရွေးချယ်မှုမှားရင်တော့ ကိုယ်ပဲခံစားရမှာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ လူသားတွေ တစ်ယောက်နဲ့တစ်ယောက် နားလည်နိုင်ဖို့ ဘာတွေလိုအပ်ပါသလဲ။

မေတ္တာတရား လိုအပ်ပါတယ်။

သူတစ်ပါးအပေါ် မေတ္တာထားတတ်မှ

ကိုယ်ချင်းစာနာစိတ် ဖြစ်နိုင်ပါတယ်။

ကိုယ်ချင်းစာနာစိတ်ရှိမှ တစ်ယောက်ကိုတစ်ယောက်

နားလည်နိုင်မှာဖြစ်ပါတယ်။

၅၂၈ နဲ့ စတဲ့အချစ်နဲ့ ၁၅၀၀ နဲ့ စတဲ့အချစ် ဘယ်အရာကပိုပြီး ခိုင်မြဲပါသလဲ။

ဘယ်အရာကမှ မခိုင်မြဲပါဘူး။

လူ့စိတ်ဟာ မှန်းဆရခက်ပြီး

ဖောက်ပြန်တတ်တဲ့သဘောရှိတာမို့

အချိန်မရွေး ဖြစ်ပျက် ပြောင်းလဲသွားနိုင်ပါတယ်။

အချစ်ဆိုတာ "မီး" လို့ ဖတ်ဖူးတဲ့ စာအုပ်အတော်များများက ဆိုပါတယ်။ အဆင်ပြေတဲ့ ချစ်သူ တွေကတော့ နတ်ပြည်တက်ရသလိုပဲ။ အဆင်မပြေတဲ့ ချစ်သူတွေအတွက်တော့ သောကမျိုးစုံ ခံစားရ တဲ့ ငရဲပါပဲ။ ဒါ့ကြောင့် "မီး" လို့ ဘာကြောင့် ဆိုကြပါသလဲ။

အချစ်ဆိုတာ မီးလို့ဆိုချင်တဲ့သူတွေက ဆိုကြတာပါ။

ချစ်ဒုက္ခကို ခံစားရတဲ့အခါ မီးလိုပဲ ပူလောင်လွန်းလို့

တင်စားပြောကြတာ ထင်ပါရဲ့။

တကယ်တော့ အချစ်ဆိုတာ

မီးလည်းမဟုတ်၊ ရေလည်း မဟုတ်၊

အချစ်ဟာ အချစ်ပါပဲ။

ခွင့်လွှတ် သည်းခံနိုင်အောင် ဘယ်လို လုပ်ရမလဲ။

လမ်းညွှန်ပေးပါ။

ခွင့်လွှတ်သည်းခံဖို့တာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။

အတွေးအခေါ် ရင့်ကျက်ခိုင်မာပြီး

လောကကြီးအကြောင်းကို

အတော်သင့် သိနေတဲ့လူမျိုးမှ လုပ်နိုင်တဲ့ကိစ္စပါ။

မေတ္တာတရားနဲ့ အကြင်နာစိတ်ထားတတ်ရင်

ခွင့်လွှတ်သည်းခံနိုင်ပါလိမ့်မယ်။

အဲ့ဒီအတွက် ကိုးကွယ်တဲ့ ဘာသာတရားအဆုံးအမကို

လေးစားလိုက်နာကျင့်သုံးပါ။

***